ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# အကြမ်းဖက်စစ်အုပ်စုအား လေယာဉ်ဆီ တင်သွင်း ပံ့ပိုးနေသော လုပ်ငန်းများဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၃/၂၀၂၂)

ရက်စွဲ။ ။ မတ်လ (၄) ရက်၊ ၂၀၂၂ ခုနှစ်

၁။ မြန်မာနိုင်ငံ၏ တပ်မတော်အမည်ခံ အကြမ်းဖက်စစ်အုပ်စုသည် နိုင်ငံတော်ပုန်ကန်မှုနှင့် စစ်ရာဇဝတ်မှုများကို နည်းမျိုးစုံဖြင့် ကျူးလွန်လျက်ရှိရာ၊ ရဟတ်ယာဉ်များအသုံးပြု၍ မြေပြင်ပေါ်မှ ပြည်သူများအား ပစ်ခတ်သတ်ဖြတ်ခြင်း၊ တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိသည်။ အဆိုပါ ရာဇဝတ်မှုများသည် လေကြောင်းစစ်ပွဲဆိုင်ရာ The Hague Rules of Air warfare ၏ ARTICLE XXII တွင် ဖော်ပြထားသော အရပ်သားပြည်သူများအား ဗုံးကြဲတိုက်ခိုက်ခြင်းသည် စစ်ရေးလက္ခဏာ (military character) မဟုတ်ကြောင်း တားမြစ်ချက်အပါအဝင် နိုင်ငံတကာ စစ်ဥပဒေများ၊ Law of Armed Conflicts ဆိုင်ရာ Proportionality Principle များကို ချိုးဖောက်၍ စစ်ရာဇဝတ်မှုများ ကျူးလွန်ခြင်းပင်ဖြစ်ကြောင်း အကြမ်းဖက်စစ်အုပ်စုအား လေယာဉ်ဆီ တင်သွင်း ပံ့ပိုးနေသော လုပ်ငန်းများဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၂/၂၀၂၂) တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

၂။ ယင်းသို့ အကြမ်းဖက်စစ်အုပ်စုမှ လေကြောင်းအသုံးပြု စစ်ရာဇဝတ်မှုများ ကျူးလွန်နိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များမှ လေယာဉ်ဆီ တင်သွင်းကာ ကူညီပါဝင်လုပ်ဆောင်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စီးပွားရေးဆိုင်ရာ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံးမှ စိစစ်တွေ့ရှိခဲ့ရာ၊ စီးပွားရေးလုပ်ငန်း သုံးခုအား အကြမ်းဖက်မှုနှင့် စစ်ရာဇဝတ်မှုအားပေးသော စီးပွားရေး လုပ်ငန်းများ အဖြစ် အမည်ပျက်စာရင်းသွင်းကြောင်း၊ ဝန်ကြီးဌာနမှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)

ရက်နေ့တွင် အကြမ်းဖက်စစ်အုပ်စုအား လေယာဉ်ဆီ တင်သွင်းပံ့ပိုးနေသော လုပ်ငန်းများဆိုင်ရာ ထုတ်ပြန်ကြေညာချက် (၂/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

၃။ အထက်ပါထုတ်ပြန်ကြေညာချက်၏ နောက်ဆက်တွဲအဖြစ် စီးပွားရေးလုပ်ငန်းသုံးခုအား အကြမ်းဖက်စစ်အုပ်စုမှ လေယာဉ်ဆီတင်သွင်းမှုတွင် ကူညီပါဝင်ဆောင်ရွက်ချက်ရှိကြောင်း ထပ်မံတွေ့ရှိရသဖြင့် အောက်ဖော်ပြပါ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သို့လှောင်ဖြန့်ဖြူးရောင်းချခြင်း၊ Business to Business ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်း အလျဉ်းမပြုလုပ်ကြရန်နှင့် အဆိုပါလုပ်ရပ်များကိုလည်း အကြမ်းဖက်မှုစစ်ရာဇဝတ်မှုကျူးလွန်ရန် ထောက်ခံအားပေးသော လုပ်ရပ်များအဖြစ် သတ်မှတ်ကြောင်း ကြေညာအပ်သည်-

(က) Golden Myanmar Airlines

(ခ) ရွှေဖျိုင်းဖြူကုမ္ပဏီအုပ်စု

(ဂ) Brighter Energy Company



ခင်မမမျိုး

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ